ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

စာအမှတ် (သစ်တော) ၃(၂)/၁၆(ဃ)(၃၁၃/၂၀၁၉)
ရက်စွဲ ၂၀၁၉ ခုနှစ် ၊ ဇန်နဝါရီလ ၂၃ ရက်

အကြောင်းအရာ။ **ဇေရိမ်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ ငပျင်းအင်းကျေးရွာအုပ်စု၊ မြေဧရိယာ (၂၀) ဧကကျယ်ဝန်းသော (SGU-250) ရွှေသတ္တုလုပ်ကွက်တွင် ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ တင်ပြလာသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို အတည်ပြုနိုင်ပါရန် တင်ပြခြင်းကိစ္စ**

ရည်ညွှန်းချက်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၁၆-၁-၂၀၁၉ ရက်စွဲပါစာအမှတ်၊ အီးအိုင်အေ-၂/သတ္တု(၁၂၈/၂၀၁၉)

ဇေရိမ်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ ငပျင်းအင်းကျေးရွာအုပ်စု၊ မြေဧရိယာ(၂၀)ဧကကျယ်ဝန်းသော ခန့်မှန်းမြေပုံညွှန်း 84N/14-(715171,718174,720172,720176,715174) လုပ်ကွက်တွင် ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် တင်ပြလာသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာသည် လုပ်ထုံးလုပ်နည်းနှင့်ကိုက်ညီကြောင်း စိစစ်တွေ့ရှိရပြီး အစီရင်ခံစာပါထိခိုက်မှုလျှော့ချရေး အစီအစဉ်များကို တိကျစွာအကောင်အထည်ဖော်ဆောင်ရွက်ပါက ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ထိခိုက်မှုများလျှော့ချနိုင်မည်ဖြစ်သဖြင့် အတည်ပြုနိုင်ပါကြောင်းနှင့် အတည်ပြုပြန်ကြားရာတွင် ရည်ညွှန်းစာ၏ အပိုဒ် (၃) (က မှ ဟ) အထိပါအတိုင်း ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြန်ကြားနိုင်ရေးလမ်းညွှန်မှုပြုနိုင်ပါရန် တင်ပြလာခြင်းအပေါ် ပြည်ထောင်စုဝန်ကြီး၏ မိန့်မှတ်ချက်အရ ပြန်ကြားခွင့်ပြုကြောင်း အကြောင်းကြားအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်

- EIA

24.1.2019

23/1/2019

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(ကျော်ဇော၊ ဒုတိယအမြဲတမ်းအတွင်းဝန်)

ဒုတိယညွှန်ကြားရေးမှူးချုပ် (PC/ EIA)

ညွှန်ကြားရေးမှူးချုပ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန